


တင်းထိမ်

**တင်းပြည့်** က၀၊ <tin: byi' / tin: byei'> 正式：～ ပါတီဝင် 正式党员

**တင်းပြည့်ကျပ်ပြည့်** က၀၊ <tin: byei' kyat pyei'> 满满地，充分地，完全地：အခွင့်အရေးကို ～ ခံစားနိုင်သည်။ 可以充分享受权利。/ လူထုကြီးရဲ့ဉာဏ်စွမ်းဉာဏ်စကို ～ ဖော်ထုတ်ရမယ်။ 必须充分发挥人民群众的聪明才智。

**တင်းမာ** နဝ၊ <tin: ma> ①紧张，（态度）坚决，执拗：စိတ်ဓာတ် ～ သည်။ 心肠硬。/ အခြေအနေ ～ သည်။ 形势紧张。②（说话）生硬，绷着（脸）：စကား ～ သည်။ 说话生硬。/ မျက်နှာ ～ သည်။ 绷着脸。③坚硬：ရေခဲပြင် ～ သည်။ 冰很坚硬。

**တင်းမာခက်ထရော်** နဝ၊ <tin: ma khet t-yaw> 紧板（面孔）：～ သောမျက်နှာ 一副凶神恶煞般的面孔

**တင်းရင်း** က၊ <tin: yin:> 结实，丰满：အသက်အရွယ်ကြီးသော်လည်းအသားအရေမှာ ～ ဆဲဖြစ်၏။ 虽然年龄很大，但是肌肉仍很丰满。

**တင်းလင်း** က၀၊ <tin: lin:> ①悬而未决，尚未了结 ②目前，眼前

**တင်းဝါး** န၊ <tin: wa:>【植】一种竹子（专做伞柄、箩筐、竹器等）

**တင်းဝင်တောင်း** န၊ <tin: win taun:> 能装十六缅升稻谷的箩筐

**တောင့်** I က၊ <taun'> ①僵硬，僵直：ကျော ～ သည်။ 背酸痛。/ ထိုင်တာကြာလွန်းလို့ခါး ～ နေပြီ။ 坐得久了，腰都发直了。②强壮；财资雄厚：သူ့ဇနီးဘက်ကဆွေမျိုး ～ တယ်။ 他老婆方面的亲戚很富裕。/ ပစ္စည်း ～ သောသူ 财物多的人 / ကာကွယ်ရေးအင်အားတနေ့တခြား ～ လာပါတယ်။ 防卫力量日益强大起来。③支持住，坚持住：လွန်ဆွဲနေသောသူတို့ကိုပရိသတ်က ～ ထား ～ ထားဟုအော်ကြသည်။ "坚持住！""坚持住！"观众们给拔河的人加油。④将药物等制成条状 II န၊ <taun'> 筒：မြား ～ 箭筒 III မ <taun'> 条状物：ဆပ်ပြာတ ～ 一条肥皂 / စီးကရက်တ ～ 一条香烟 / ကျည်ဆံတ ～ 一发子弹 / ငရုတ်သီးတ ～ 一个辣椒 / ပဲသီးတ ～ 一根架豆 IV ပ၊ <taun'> 极：စုတ်ပေ့ ～ ထမိန်၊ အစပ်ကတရာအဖာကဗရပြစ်။ 统裙破旧不堪补丁摞补丁。

**တောင့်ကပ်ဖါးရား** က၊ <taun' kat pha: ya:> = တောက်ကပ်ဖားရား

**....တောင့်....ခဲ** ပ၊ <...taun'...ge:> = ....ခေါင့်....ခဲ 罕……，难得……：ကြုံတောင့်ကြုံခဲ 罕见 / ရတောင့်ရခဲ 难得 / ဖြစ်တောင့်ဖြစ်ခဲ 难得出现

**တောင့်ခံ** က၊ <taun' khan> 顶住；坚持；忍住：သတ္တိမရှိရင် ～ နိုင်မှာမဟုတ်ဘူး။ 如果没有胆量是坚持不了的。

**တောင့်ခိုင်** က၊ <taun' khain> 强壮，壮大：ရေတပ်～ရန်လိုအပ်သည်။ 需要有一个强大的海军。/ ကိုယ်ခန္ဓာ ～ ကြ၏။ 身体结实。

**တောင့်ဆိုင်း** က၊ <taun' hsain:> 僵硬，僵直：အကြောတို့သည် ～ နေကြသည်။ 筋发硬。

**တောင့်တ** က၊ <taun' ta' / taun' da'> 期望，渴望，向往：လွတ်လပ်ရေးကို ～ ကြသည်။ 大家渴望独立。

**တောင့်တဲ** န၊ <taun' te: / taun' de:> 一种农作物的害虫

**တောင့်တင်း** က၊ <taun' tin:> ①肌肉紧张，僵硬：ကြွက်သားများ ～ ခြင်းဖြစ်လာသည်။ 肌肉僵硬。②强大，强壮，（物资）雄厚：အင်အား ～ သည်။ 力量强大。/ ပစ္စည်းဥစ္စာ ～ သည်။ 富有。/ ကိုယ်ခန္ဓာ ～ ကြံ့ခိုင်သည်။ 身体壮实。

**တောင့်တောင့်** က၀၊ <taun' daun'> 直挺挺地，僵硬地：～ ကြီးရပ်နေသည်။ 直挺挺地站着。

**တောင့်တောင့်တတ** က၀၊ <taun' daun' ta' da'> 期待着，盼望着：မည်သည့်ဇာတ်ပွဲမျိုးကိုမှ ～ ကြည့်ချင်လှသည်မရှိတော့ပါ။ 对任何戏剧都已没有什么兴趣去看了。

**တောင့်မှန်ဆောင်အနား** န၊ <taun' hman hsaun a-na:>【数】直角线

**တောင်** I န၊ <taun> ①山 ②南 ③肘尺（从肘至指尖的长度相当于0.5米） II က၊ <taun> ①用肘尺量（18英寸长称တတောင်，19英寸长称သံတောင်，20英寸长称 ဆင်တောင်）：ဒီပိတ်စကို～ကြည့်လိုက်စမ်းပါ။ 用肘把这块布量一下。②硬：ထမင်းတွေမာလိုက်သည်မှာ ～ လို့။ 饭硬得很。 III ပ၊ <taun>（语气助词）可以加在各种句子成分后面表示加强语气，意为即使，甚至连……：ဒါ ～ မသိဘူးလား။ 连这个都不知道吗？/ ဆရာဝန်မဟုတ် ～ ဒီလိုရောဂါမျိုးတော့ကုတတ်တယ်။ 即使不是医生也能治这种病。/ ဝမ်းသာလုံးဆို့ပြီးမျက်ရည် ～ ကျမိပါတယ်။ 高兴得甚至掉下了眼泪。

**တောင်ကစော့** န၊ <taun g-zaw'>【植】粉果崖豆藤 Millettia glaucens

**တောင်ကတုံး** န၊ <taun g-don:> 秃山，荒山

**တောင်ကမူ** န၊ <taun g-mu> 山包，山丘

**တောင်ကလပ်** န၊ <taun k-lat> 平顶山